# အတည်ပြုလက်ခံထားပြီးဆုံးဖြတ်ချက်

## ၁၀၉ ကြိမ် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ- ၂၀၂၁ ခုနှစ်

## ကိုဗစ်-၁၉ ဘေးကျပ်နံကျပ်ကာလမှ လွတ်မြောက်ရေးအတွက်၊ အားလုံးပါဝင်၍ ရေရှည်တည်တံ့ခိုင်မြဲကာ အလိုက်သင့်တွန်းလှန်နိုင်စွမ်းရှိသော လူသားဗဟိုပြုပြန်လည် ထူထောင်ရေး အလုပ်များကို တစ်ကမ္ဘာလုံးကဆောင်ရွက်ကြပါရန် တောင်းဆိုခြင်းနှင့်စပ်လျဉ်းသည့်ဆုံးဖြတ်ချက် (၂၀၂၁ ခုနှစ် ဇွန်လ ၁၇ ရက်)

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏အထွေထွေညီလာခံသည်-
ညီလာခံကော်မတီကအဆိုပြုသည့် ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာအဆိုကို လက်ခံရရှိပြီး၍လည်းကောင်း၊
ကိုဗစ်-၁၉ ဘေးကျပ်နံကျပ်ကာလမှလွတ်မြောက်ရေးအတွက် အားလုံးပါဝင်၍ ရေရှည်တည်တံ့ခိုင်မြဲကာ အလိုက်သင့်တွန်းလှန် နိုင်စွမ်းရှိသော လူသားဗဟိုပြုပြန်လည်ထူထောင်ရေးလုပ်ငန်း ဖြစ်ကြောင်းသေချာသည့်အလုပ်များကိုအဆောတလျင်လုပ်ဆောင်ရန် လိုအပ်မှုကို သုံးသပ်ဆင်ခြင်လျက်လည်း ကောင်း၊
အောက်ပါဆုံးဖြတ်ချက်ကို နှစ်ထောင့်နှစ်ဆယ့်တစ်ခုနှစ် ဇွန်လ တစ်ဆယ့်ခုနစ်ရက်နေ့၌ သဘောတူလက်ခံသည်။

### ကိုဗစ်-၁၉ ဘေးကျပ်နံကျပ်ကာလမှ လွတ်မြောက်ရေးအတွက်၊ အားလုံးပါဝင်၍ ရေရှည်တည်တံ့ခိုင်မြဲကာ အလိုက်သင့် တွန်းလှန်နိုင်စွမ်းရှိသော လူသားဗဟိုပြုပြန်လည်ထူထောင်ရေးလုပ်ငန်းကို တစ်ကမ္ဘာလုံးကလုပ်ဆောင်ရန် တောင်းဆိုခြင်း-

၁။ ကိုဗစ်-၁၉ ကပ်ဘေးရောဂါသည် လူသားများအပေါ်ထိခိုက်မှုများကိုနက်နက်ရှိုင်းရှိုင်းသက်ရောက်စေလျက်ရှိသည်၊ လူ့အဖွဲ့အစည်းအားလုံး၊ နိုင်ငံအားလုံးတို့က တစ်ဦးနှင့်တစ်ဦး ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ ကြလျက်ရှိသည်ဟူသော အခြေအနေကို မီးမောင်းထိုးပြလျက်ရှိပါသည်။

၂။ ကြေကွဲဖွယ်အသက်ဆုံးရှုံးမှုများ၊ လူ့ကျန်းမာရေးနှင့်လူ့အသိုင်းအဝိုင်းကိုထိခိုက်ပျက်စီးစေမှုများအပြင်၊ ဤကပ်ရောဂါ၏သက်ရောက်မှုများသည် အလုပ်အကိုင်လောကကိုပါ ဖွတ်ဖွတ်ကြေစေလျက်ရှိသည်။ ယင်းသည် အလုပ်လက်မဲ့များ၊ မိမိအရည်အချင်း အောက် ဆင်း၍အလုပ် လုပ်ရသူများ၊ အလုပ် လုပ်ချင်ပါလျက် မလုပ်ပဲနေရသူ အရေအတွက် ကို တိုးပွားလာစေရန်ဦးတည်လျက်ရှိသည်။ အလုပ်အကိုင်နှင့်လုပ်ငန်းဝင်ငွေများကိုဆုံးရှုံးကြရလျက်ရှိသည်၊ အထူးသဖြင့် ထိခိုက်မှုအများဆုံးခံခဲ့ရသည့်လုပ်ငန်းကဏ္ဍများဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကိုပိတ်သိမ်းကြရပြီး ဒေဝါလီခံကြရ သည်၊ အထူးသဖြင့် အငယ်စား၊ အသေးစား နှင့်အလယ်အလတ် အရွယ်အစား စီးပွားရေး လုပ်ငန်းများဖြစ်သည်။ ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးစားသုံးရေးကွင်းဆက်များ (supply chain) အလျဉ် ပြတ်သွားကြရသည်။ အလုပ်အကိုင်နှင့် ဝင်ငွေသတ်သတ်မှတ်မှတ်မရှိတော့ပါ၊လုံခြုံမှုမရှိတော့ပါ။ လုပ်ငန်းခွင်ကျန်းမာရေး၊ လုံခြုံရေးနှင့်အခွင့်အရေးများအပေါ် စိန်ခေါ်မှုအသစ်များရှိလာသည်၊ ဆင်းရဲမွဲတေမှု၊ လူမှုရေးနှင့်စီးပွားရေး မညီမျှမှုများ ကိုပို၍ ဆိုးဝါးလာစေသည်။

၃။ ဤကပ်ဘေးသည် အချို့ငဲ့ဆုံးသူများ၊ အကာအကွယ်အမဲ့ဆုံးသူများအပေါ် အချိုးအစား မမျှစွာရိုက်ခတ်လျက်ရှိပြီး၊ အထူးသဖြင့် ဥပဒေဘောင်နှင့်ပုံစံတကျမလုပ်သည့်စီးပွားရေးလုပ်ငန်း(informal economy)များ၌အလုပ် လုပ်ကိုင် ကြ သူများ၊ မရေရာ မခိုင်မြဲသည့်အလုပ်များကို လုပ်ကိုင်နေကြသူများ၊ ကျွမ်းကျင်မှုသိပ်မလိုအပ်သည့် အလုပ်များကိုလုပ်ကိုင်ကြသူများ၊ ရွှေ့ပြောင်းအလုပ်သမားများ နှင့် လူနည်းစုတိုင်းရင်းသားများနှင့်မျိုးနွယ်စုများတို့နှင့်သက်ဆိုင် သူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ သို့မဟုတ် HIV/AIDS ဝေဒနာရှင်များတို့ဖြစ်ကြသည်။ ဤကပ်ဘေး ၏သက်ရောက်မှုသည် သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင် ဖြစ်ရေးအတွက် နဂိုရ်ကတည်းကရှိနှင့်ပြီးဖြစ်သည့် ချို့တဲ့မှုများကို ပို၍ဆိုးဝါးစေလျက်ရှိကာ၊ ဆင်းရဲမွဲတေမှုကိုတိုးပွားစေပြီး၊ မျှတမှုမရှိခြင်းကို ပို၍ကွာဟ စေလျက် နိုင်ငံများအတွင်း နှင့် နိုင်ငံများအကြား ဒီဂျစ်တယ်(ကွန်ပြူတာ/အင်တာနက်ချိတ်ဆက်အသုံးပြုမှု) စနစ်ကွာဟမှုများကို မြင်သာအောင် လှစ်ပြလျက်ရှိသည်။

၄။ အမျိုးသမီးများသည် အပြင်းထန်ဆုံးရိုက်ခတ်ခံရသည့်လုပ်ငန်းကဏ္ဍများ၌ သာမန်ထက်ပိုသောအရေအတွက်ဖြင့် အလုပ် လုပ် ကိုင်လျက်ရှိကြခြင်းကြောင့် အလုပ်အကိုင်ဆုံးရှုံးမှု၊ ဝင်ငွေဆုံးရှုံးမှုများကိုအချိုးမညီစွာ ခံစားကြရသည်။ လုပ်ခ မရသည့် စောင့်ရှောက်ရေးအလုပ်အများစုကိုလုပ်ကိုင်လျက်ရှိကြသော်လည်း အမျိုးသမီးအများအပြားသည် ရှေ့တန်း၌ဆက်၍အလုပ် လုပ်ကိုင်ကြပြီး စောင့်ရှောက်မှုစနစ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် လူဘောင်အဖွဲ့အစည်းကို ဆက်၍ အကျိုးပြု၊ တည်တံ့စေ လျက်ရှိသည်။ ဤသည်က ကျား-မ ဖြစ်ခြင်းကိုထည့်သွင်းစဉ်းစားသည့်ပြန်လည် ထူထောင်ရေးအစီအစဉ်ကို လိုအပ်ကြောင်း မီးမောင်းထိုးပြနေပါသည်။

၅။ ဤကပ်ဘေးသည် လူငယ်များ၏ပညာရေး၊ သင်တန်းနှင့်အလုပ်အကိုင်များအပေါ်လည်း အကြီးအကျယ်အနှောင့်အယှက်ဖြစ်စေပါသည်။ အလုပ်အကိုင်ရှာဖွေရေး၊ စာသင်ခန်း/လေ့ကျင့်သင်တန်းကျောင်းများမှ လုပ်ငန်းခွင်သို့အောင်မြင်စွာကူးပြောင်းရေး၊ ပညာဆက်၍သင်ကြားရေး သို့မဟုတ် စီးပွားရေးအစပြုလုပ်ကိုင်ရေး အစရှိသည်ကို ပို၍ခက်ခဲသွား စေသည်။ ထို့ပြင်၊ ဝင်ငွေရရှိနိုင် သည့်လမ်းကြောင်းများလျော့နည်းသွားသည့်အန္တရာယ်၊ အလုပ်အကိုင်ဆိုင်ရာဘဝလမ်း ကြောင်းတိုးတက်ရေးအပေါ်ကျရောက်သည့်အန္တရာယ်များလည်း ဖြစ်ပေါ်လျက်ရှိသည်။

၆။ အစိုးရအလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိသားစုတို့၏ညီညီညွတ်ညွတ်စုပေါင်း အားထုတ်မှုမရှိခြင်းသည်၊ အကျိုးဖြစ်ထွန်း၍ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် အပြည့်အဝရှိသောအလုပ်အကိုင် ဖြစ်စေရေးအပါအဝင် လူမှုရေးတရားမျှတမှုရှိစေရေး၊ လူတိုင်းအတွက် သင့်လျော်ကောင်းမွန်သည့်အလုပ် အကိုင်ဖြစ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခြင်းများ အောင်မြင်မှုရရှိရေးအပေါ် ဂယက်ကြီးမားစွာ ရိုက်ခတ်သည့်အပြင်၊ အမျိုးမျိုးသော ကွာဟချက်ကြောင့်ဖြစ်ပေါ်လာရသည့်ဤရိုက်ခတ်မှုအမျိုးမျိုးကို ဤ ကပ်ဘေးအလွန်တွင်ပင် ဆက်၍ရှိစေနေလိမ့်မည် ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးပန်းတိုင်များအစီအစဉ်-၂၀၃၀ သို့အောင်မြင် စွာရောက်ရှိရေးအတွက် ရရှိပြီးသောအကျိုးအမြတ်များကို ပြောင်းပြန် ပြန်လှည့်စေပြီး၊ တိုးတက်မှုများကိုလည်း လျော့ပါးစေပါလိမ့်မည်။

၇။ ကျန်းမာရေးဆိုင်ရာနည်းပညာ၊ ရောဂါအမျိုးအမည်ဖော်ထုတ်ခြင်းပညာ၊ ကုထုံးများ၊ ကိုဗစ်-၁၉ နှင့်ဆိုင်သည့်ကျန်းမာ ရေး ထုတ်ကုန်ပစ္စည်းများကဲ့သို့သော အရည်အသွေးရှိပြီး အန္တရာယ်ကင်းကာ အကျိုးရှိထိရောက်သော ကိုဗစ်-၁၉ ကာကွယ်ဆေး၊ ကုသမှု၊ ကာကွယ်ရေးအစီအမံများကို လူအားလုံးက အချိန်နှင့်တစ်ပြေးညီ၊ သာတူညီမျှ၊ အများတတ်နိုင်သောဈေးဖြင့် ကမ္ဘာတစ်ဝန်းလုံးကရရှိခံစားနိုင်ရေးအတွက် ဘက်ပေါင်းစုံကပူးပေါင်းပါဝင်၍ အဆောတလျင်ညှိနှိုင်းအရေးယူဆောင်ရွက်ဖို့လည်း လိုအပ်ပါသည်။ နိုင်ငံအတွင်း၊ နိုင်ငံများအကြား တိုးပွားလာ နေသည့်မညီမျှမှုများကို ထိန်းချုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို ပြန်လည်အစပြုခြင်း၊ ရှေ့သို့ ပို၍ ကောင်းမွန်စွာတည်ဆောက်ခြင်းတို့အတွက်၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအတွက် အလွန်အရေးပါသောယင်းတို့ကို လူ့အလွှာအားလုံးတို့အကြား မျှတစွာဖြန့်ဝေရန် အရေးကြီးပါသည်။

၈။ လူသားကိုဗဟိုပြုကာ၊ တစ်မူထူးခြားသည့်သုံးပွင့်ဆိုင်ဖွဲ့စည်းမှုနှင့်အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ စည်းမျဉ်းအဖြစ် သတ်မှတ်သောလုပ်ပိုင်ခွင့်အာဏာအပေါ်အခြေပြုထားသော အနာဂတ်အလုပ်အကိုင်အတွက် အိုင်အယ်လ်အို၏ ရာပြည့်ကြေညာ စာတမ်း-၂၀၁၉ သည် ကပ်ဘေးမှပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အခြေခံအုတ်မြစ်ကို တင်ပြထားပါသည်။ ယင်းအုတ်မြစ်သည် လုံးဝအားလုံးအတွက်ဖြစ်ပြီး၊ ရေရှည်အတွက် တည်တံ့ခိုင်မြဲကာ၊ အပြောင်းအလဲဒဏ်ကိုအလိုက်သင့်တွန်းလှန်နိုင်စွမ်း ရှိသည်၊ မျှတသည့်အကူးအ ပြောင်းဖြစ်စေရန်ပံ့ပိုးသည်။ ဤကြေညာစာတမ်းက မိမိတို့နိုင်ငံများကို အနာဂတ်၌မည်သို့ပို၍ကောင်း ကောင်းတည် ဆောက်နိုင်သည်ဟူသည့်အပြုသဘောဆောင်သောရူပါရုံနှင့် လမ်းပြမြေပုံကို တင်ပြထားပါသည်။ အလေးထားမှုနှင့် ရင်းနှီးမြှုပ် နှံမှု တို့ကို တိုးမြှင့်ခြင်းမှတစ်ဆင့် မိမိ၏အကောင်အထည်ဖော်ရေးလုပ်ငန်းကို အရှိန်တိုးမြှင့်လုပ် ဆောင်ခြင်းသည် ဥပဒေ/ဥပဒေများကိုထိန်းကျောင်းခြင်း၊ လုပ်ငန်းများ၏လုပ်ဆောင်ချက်၊ နိုင်ငံတကာ၏ပူးပေါင်းဆောင်ရွက်မှုတို့ကို ထိပ်တန်းဦးစားပေး လုပ်ဆောင်ရမည်။

## ၁။ အားလုံးအတွက်ဖြစ်ကာ ရေရှည်တည်တံ့ခိုင်မြဲ၍ အပြောင်းအလဲဒဏ်ကိုအလိုက်သင့်တွန်းလှန်နိုင်စွမ်းရှိသည့် လူသားဗဟိုပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုမြှင့်တင်လုပ်ဆောင်ရေးအတွက်အဆောတလျင်ဆောင်ရွက်ရမည်များ

၉။ ကျွန်ုပ်တို့- အစိုးရ၊ အလုပ်ရှင်များနှင့်အလုပ်သမားအဖွဲ့အစည်းများ- သည်အိုင်အယ်လ်အို၏ရာပြည့်ကြေညာစာတမ်း၌ပါရှိသည့် အဓိကဦးတည်ထားသော အကောင်အထည်ဖော်ရေးအစီအစဉ်ကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ခြင်းမှတစ်ဆင့် လူသားဗဟိုပြု ကိုဗစ်-၁၉ အကျပ်အတည်းမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အိုင်အယ်လ်အို၏ပံ့ပိုးမှုဖြင့်၊ တစ်ဖွဲ့ချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချရပါမည်။ ဤသို့ဖြင့် လူတိုင်းအတွက်သင့်လျော်ကောင်းမွန်သောအလုပ်ဖြစ်ခြင်းနှင့်အတူ အားလုံးအတွက်ဖြစ်ကာ ရေရှည်တည်တံ့ ခိုင်မြဲ၍ အပြောင်းအလဲဒဏ်ကို အလိုက်သင့်တွန်းလှန်နိုင်စွမ်းရှိသောဖွံ့ဖြိုးမှုစီသို့ တက်လှမ်းနိုင်ပါမည်။

၁၀။ ကျွန်ုပ်တို့သည် နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ တစ်ကမ္ဘာလုံး၏ညီညွတ်မှု၊ ထို့ပြင် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူသားချင်းစာနာမှု၊ ကျန်းမာရေးစသည့်နယ်ပယ်များတစ်လျှား မူဝါဒစုဖွဲ့မှုရှိခြင်း တို့မှတစ်ဆင့် ကမ္ဘာတစ်ဝှမ်း၌ဖြစ်နေသည့်ဤကပ်ဘေးကို ဖြေရှင်းဖို့သန္နိဋ္ဌာန်ချထားပါသည်။ ယင်းနည်းဖြင့် နိုင်ငံများအားလုံးကို ဤအကျပ်အတည်းမှအောင်မြင်စွာကျော်လွှားသွားစေနိုင်ပါမည်၊ ထို့ပြင် ၂၀၃၀ ခုနှစ်အစီ အစဉ် (2030 Agenda) ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကုလသမဂ္ဂလုပ်ငန်းမူဘောင်ပြဋ္ဌာန်းချက်ဖြစ်သော ပဲရစ်သဘောတူညီချက်(the Paris Agreement of the United Nations Framework Convention on Climate Change)၊ ဖွံ့ဖြိုးတိုးတက် ရေးအတွက်ငွေကြေးဆိုင်ရာ တတိယအကြိမ် နိုင်ငံတကာညီလာခံ၏ အဒစ်အဘာဘာလုပ်ငန်းအစီအစဉ် (Addis Ababa Action Agenda of the Third International Conference on Financing for Development).

၁၁။ ကျွန်ုပ်တို့သည် နည်းဗျူဟာ များကိုရေးဆွဲရာ၌ အကျိုးဖြစ်ထွန်း၍လွတ်လပ်မှုအပြည့်ဖြင့်ရွေးချယ်ခွင့်ရှိသော အလုပ်၊ သင့်လျော်ကောင်းမွန်သောအလုပ်ဖြစ်စေမည်ဟူသောရည်မှန်းချက်၊ အကာအကွယ်အမဲ့ဆုံးသော ကပ်ဘေး၏အပြင်းထန်ဆုံးရိုက်ခတ်မှုကို ခံရသောသူတို့၏လိုအပ်ချက်များ၊ လုပ်ငန်းများဆက်၍ရပ်တည်နိုင်ရေး၊ အလုပ်အကိုင်နှင့်ဝင်ငွေတို့အတွက်ပံ့ပိုးမှုများကို အရေးကြီး ဆုံးအချက်များအဖြစ်ထည့်သွင်းရန်သန္နိဋ္ဌာန်ပြုသည်။ ထိုနည်းဗျူဟာများသည် ကျား/မ ဖြစ်ခြင်း၏မတူညီသည့် အခန်းကဏ္ဍ များကိုသဘောပေါက်နားလည်သည်၊ ကပ်ကာလ အကျပ်အတည်းထဲမှ ရှေ့သို့ဆက်၍ ပို၍ကောင်းကောင်း တည်ဆောက်ရန်အတွက်ဖြစ်သည်၊ မိမိနိုင်ငံ၏ အခြေ

အနေများနှင့် ဦးစားပေးရာများကိုအပြည့်အဝထည့်သွင်းစဉ်းစားပြီး အချိုအခြေအနေနှင့်အံဝင် ခွင်ကျအောင် ရေး ဆွဲထားသည်။ အောက်ပါတို့ကိုလုပ်ဆောင်ခြင်းများလည်း အပါအဝင်ဖြစ်သည်။

## က။ အားလုံးပါဝင်သောစီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ရရှိမှု

(က) နိုင်ငံ၏အလုပ်အကိုင်မူဝါဒအပေါ်တုံ့ပြန်ထားသည်များကိုပေါင်းရုံးဖော်ပြခြင်းဖြင့်လည်းကောင်း၊ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ၏အရေးပါမှု၊ လူမှုရေးဆိုင်ရာအကျိုးအမြတ်ကိုပဓါနထားခြင်း၏အရေးပါမှု ကိုအသိအမှတ်ပြု၍ လည်းကောင်း၊ လူတိုင်းအတွက်သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်ရရှိမည့်အခွင့်အလမ်းများဖြင့် ကျယ်ပြန့်မှု၊ အလုပ်အကိုင်ပေါ်ကြွမှုကိုအခြေခံသော ပြန်လည်ထူထောင်ရေးလုပ်ငန်းကိုစီမံရန်၊

(၁) ကျယ်ပြန့်သောအမြင်ဖြင့်စီးပွားရေးဆိုင်ရာလေ့လာမှု၊ ဘဏ္ဍာရေး၊ စက်မှုလုပ်ငန်းတို့နှင့်သက်ဆိုင်သော အထောက်အကူပြုမူဝါဒများ၊ ၎င်းတို့သည် သာတူညီမျှရှိရန် နှင့် တည်ငြိမ်မှုရှိရန် အားပေးသည်။

(၂) ဤကပ်ဘေး၏ရိုက်ခတ်မှုကိုအပြင်းထန်ဆုံးခံရသောလုပ်ငန်းကဏ္ဍများ၌ အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းများက ဆီလျော်စွာရင်းနှီးမြှုပ်နှံခြင်း။ ဥပမာ- ဧည့်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ အနုပညာနှင့် အပန်း ဖြေလုပ်ငန်းများနှင့် လက်လီအရောင်းလုပ်ငန်းအချို့တို့ဖြစ်သည်။ ထို့ပြင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများဖြစ်လာရန် အလားအလာခိုင်မာသည့် စောင့်ရှောက်ရေးလုပ်ငန်း၊ ပညာရေး၊ အခြေခံအဆောက်အအုံ ဖော်ဆောင်ရေးလုပ်ငန်းများ။

(ခ) ရေရှည်တည်တံ့သည့်ခရီးသွားနှင့်ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း လျင်မြန်စွာပြန်လည်ထူထောင်လာနိုင်စေရန်ရှေ့ရှု၍ ကူညီရန်။ အလုပ်သမားများစွာလိုအပ်သည့် ဤလုပ်ငန်း၏သဘောသဘာဝ၊ ဖွံ့ဖြိုးတိုးတက်ဆဲ ကျွန်းနိုင်ငံလေးများ အပါအဝင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအပေါ်အလွန်အမင်းမှီခိုရသည့်နိုင်ငံများ၌ အဓိကကျသော၎င်း၏အခန်း ကဏ္ဍကို စိတ်ထဲစွဲမှတ်ထားရန်၊

(ဂ) ကပ်ဘေးနှင့်ဆက်စပ်ပြီးဖြစ်လာသည့် ဘဏ္ဍာငွေလျော့နည်းမှု၊ ငွေကြေးဆိုင်ရာစည်းမျဉ်းကွာဟချက် သို့မဟုတ် ပြင်ပကြွေးမြီအတွက်မိမိတာဝန်များကိုဆက်မထိန်းနိုင်တော့ခြင်းများနှင့်တွေ့ကြုံနေရသောဖွံ့ဖြိုးဆဲနိုင်ငံများကိုပံ့ပိုး ခြင်းမှတစ်ဆင့် ကမ္ဘာကြီး၏ညီညွတ်မှုကို တိုးမြှင့်ရန်၊

(ဃ)လုပ်ငန်းများအလျင်မပြတ်လည်ပတ်ရန်နှင့် ထွင်ဉာဏ်နှင့်အသစ်တီထွင်ခြင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ အငယ်စား၊အသေးစားနှင့်အလတ်စားလုပ်ငန်းများအပါအဝင် လုပ်ငန်းများကိုဆက်ထိန်းထားခြင်း တို့ကိုလုပ်ဆောင် နိုင်သောဝန်းကျင်ဖြစ်စေရေးပံ့ပိုးကူညီရန်။ လုပ်ငန်းများကိုဆက်ထိန်းထားနိုင်ခြင်းသည် အလုပ်အကိုင်များကိုဖန်တီး ပေးသည့်အပြင်၊ ထွင်ဉာဏ်ဖြင့်အသစ်တီထွင်ရန်လည်းကောင်း၊ သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်များဖြစ် စေရန်လည်းကောင်း မြှင့်တင်ပေးသဖြင့် ၎င်း၏အရေးပါသောကဏ္ဍကိုအသိအမှတ်ပြုရမည်ဖြစ်သည်။

(င) ကပ်ဘေးနှင့်ဆက်နွယ်သည့်စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်မှုလျော့ကျမှုများရှိသော်လည်း အလုပ်သမားကိုဆက် ထိန်းထားရန်အတွက် အလုပ်ခွဲဝေခြင်း၊အလုပ်လုပ်သည့်ရက်သတ္တပတ်ကိုလျှော့ချခြင်း၊ သတ်မှတ်ထားသူများအ တွက်လုပ်ခလစာထောက်ပံ့ငွေ ၊ အခွန်၊ လူမှုဖူလုံရေးထည့်ဝင်ကြေးနှင့်ဆိုင်သည့်ယာယီအစီအမံများ၊ အလုပ်အကိုင် နှင့်ဝင်ငွေအလျဉ်မပြတ်စေရေးကို ဆက်၍ထိန်းထားရန်အတွက် စီးပွားရေးလုပ်ငန်းများကိုထောက်ပံ့သည့်အစီအမံ များရရှိခြင်း စသည့်မက်လုံးများကို အလုပ်ရှင်များအား ပေးရန်၊

(စ) ကပ်ဘေးကြောင့်ဖြစ်ရသည့် စီးပွားရေးနှင့်လုပ်သားဈေးကွက်နောက်ယှက်ခံရမှုများကိုသေးငယ်စေရန် အတွက် အလုပ်သမားများနှင့်အလုပ်ရှင်များသို့အရည်အသွေးရှိအလုပ်အကိုင်ဆိုင်ရာဝန်ဆောင်မှုပေးရန်အလို့ငှာဝန်ဆောင်ခ၊ ကုန်ကျစရိတ်များကိုအလုပ်သမားများကကျခံရသည်ကိုတားမြစ်ခြင်းအပါအဝင်၊ အလုပ်အကိုင် ဆိုင်ရာဝန်ဆောင်မှုနှင့်ဆိုင်သည့်နိုင်ငံ၏စနစ်များ၊ နိုင်ငံ့ဥပဒေများကိုအားကောင်းအောင်ပြုလုပ်ရန်။ ဆီလျော်သည့်နေရာ၌ နိုင်ငံတကာအလုပ်အကိုင်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီထိန်းကျောင်းထားသည့်ပုဂ္ဂလိကကဏ္ဍအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများ၏ အထောက်အကူပြုသောအခန်းကဏ္ဍ ကိုအသိအမှတ်ပြုခြင်း၊

(ဆ) လူငယ်များအတွက် အရည်အသွေးရှိပညာရေး၊ သင်တန်းနှင့် သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်ဖြစ်စေရေး ပံ့ပိုးပေးရန်။ အလုပ်အကိုင်လောက၌ စွမ်းအား၊ ပင်ကိုယ်အရည်အသွေး၊ တီထွင်ဖန်တီးမှု နှင့်ထွင်ဉာဏ်ဖြင့်အသစ်တီထွင်ခြင်း၏အရင်းအမြစ်အဖြစ် ၎င်းတို့၏အလားအလာရှိမှုကိုအမြင့်မားဆုံးဖြစ်စေရန်နှင့် သာ၍ကောင်းမွန်သည့် အနာဂတ်အလုပ်အကိုင်ကိုထုဆစ်ပုံဖော်ရန်အတွက် မောင်းနှင်အားဖြစ်စေရန်၊

(ဇ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်တစ်သက်တာသင်ယူမှုဖြစ်စဉ်၌ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများ၏ရင်းနှီးမြှုပ်နှံမှုကို အားကောင်းအောင်ပြုလုပ်ရန်။အရည်အသွေးရှိပညာရေးကိုလူတိုင်းသင်ယူခွင့်ရခြင်းအားဖြင့်လည်းကောင်း၊ အလုပ်သင်၊အလုပ်အကိုင်လမ်းညွှန်၊အဆင့်မြင့်ကျွမ်းကျင်မှုများကိုထပ်လောင်းသင်ယူခြင်း၊ကျွမ်းကျင်မှုအသစ်များကိုသင်ယူခြင်းအပါအဝင် သင်တန်းများကိုသာတူညီမျှ ထိထိရောက်ရောက် ပို၍တက်ရောက်ခွင့်ရခြင်းအားဖြင့် လည်းကောင်းဆောင်ရွက်ရန်ဖြစ်သည်။ ထို့ပြင် အောင်မြင်သောလုပ်သားဈေးကွက် ကြားကာလအကူးအပြောင်းဖြစ်ရန်ပံ့ပိုးကူညီသည့်၊ အလုပ်ရှင်လိုအပ်သည့်ကျွမ်းကျင်မှုနှင့်အလုပ်သမားရှိကျွမ်းကျင်မှု၏မလိုက်ဖက်မှု (skills mismatches)၊ ကျွမ်းကျင်မှုမရှိခြင်း၊ ရေရှည် အလုပ်ရှာမရခြင်းတို့အပါအဝင် လစ်ဟာချက်များနှင့်ပြတ်လတ်မှုများကိုလျှော့ကျစေသည့် လုပ်သားဈေးကွက်ဥပဒေများနှင့် မိတ်ဖက်လုပ်ငန်း လုပ်ဆောင်ခြင်းများဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။

(ဈ) အောက်ပါတို့ကိုဖြစ်စေမည့် အလိုက်သင့်ပြောင်းလဲနိုင်စွမ်းပိုရှိသောကုန်စည်ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်များကို အားပေးရန်-

(၁) သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်

(၂) ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်များနှင့်အတူလုပ်ငန်းများ၏တည်တံ့မှု။ ယင်းလုပ်ငန်းများတွင် အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပါဝင်သည်၊

(၃) သဘာဝပတ်ဝန်းကျင်၏တည်တံ့မှု နှင့်

(၄) လူ့အခွင့်အရေးများကိုကာကွယ်ခြင်းနှင့်လေးစားခြင်း။ UN Guiding Principles on Business and Human Rights ၏မဏ္ဍိုင်သုံးခု ၊ Multinational Enterprises and Social Policy နှင့်စပ်လျဉ်းသော the ILO Tripartite Declaration of Principles တို့နှင့်အညီဖြစ်ရမည်။

ယင်းတို့ကို တည်တံ့သည့် နိုင်ငံတကာကုန်သွယ် မှု၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့်ပံ့ပိုးရမည်။

(ည) ဒီဂျစ်တယ်သုံးစွဲမှုအကူးအပြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သောအကူးအပြောင်း တို့မှရရှိလာသည့်အခွင့်အလမ်းများကို သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်ဖြစ်စေဖို့ တိုးမြှင့်လုပ်ဆောင်ရာတွင် အကျိုးဖြစ်ထွန်းမှုအများဆုံးရရှိစေဖို့အသုံးပြုမည်။ စုပေါင်းတောင်းဆိုမှုနှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု အပါအဝင် အပြန်အလှန်ဆွေးနွေးပြောဆိုမှုမှတစ်ဆင့် လုပ်ဆောင်ရန်ဖြစ်သည်။

(ဋ) ဥပဒေဘောင်အတွင်းအခွန်အခဆောင်၍လုပ်ဆောင်ခြင်းမဟုတ်သောလုပ်ငန်း (informal economy) များ ပျံ့နှံ့မှုကိုကန့်သတ်ထိန်းချုပ်ရန်နှင့်ဥပဒေဘောင်အတွင်းလုပ်သောလုပ်ငန်း (formal economy) များသို့ကူး

ပြောင်းမှုကိုအရှိန်မြှင့်တင်ရန် ကျယ်ပြန့်ပြည့်စုံကာ ဆန်းသစ်တီထွင် ပေါင်းရုံးထားသောချဉ်းကပ်ပုံနည်းလမ်းများကိုဖော်ထုတ်ရေးဆွဲရန်နှင့်အကောင်အထည်ဖော်ရန်။ အထူးသဖြင့် လုပ်ငန်းများကိုဖန်တီးခြင်း၊ မပျက်စီးစေရန်ထိန်းသိမ်းခြင်း၊ ဥပဒေမူဘောင်အတွင်းလုပ်ခြင်း တို့ဖြစ်သည်။ ထို့ပြင် ကျေးလက်စီးပွားရေးလုပ်ငန်းကိုယင်းတို့၏လိုအပ်မှုအလျောက်သတိမူအာရုံစိုက်လျက် သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်ဖြစ်စေခြင်းတို့ဖြစ်သည်။

## (ခ) အလုပ်သမားများအားလုံးကိုကာကွယ်စောင့်ရှောက်ခြင်း

(က) အလုပ်သမားများအားလုံးကို လုံလောက်ပြည့်မီသောအကာအကွယ်ပေးရန်။ နိုင်ငံတကာအလုပ်သမားရေးရာစံချိန်စံညွှန်းများကိုလေးစားလိုက်နာရေးကို အားကောင်းစေခြင်း။ ယင်းတို့ကို လက်ခံကျင့်သုံးရန်၊ အကောင်အထည်ဖော်ရန်၊ ကြီးကြပ်ရန် တိုးမြှင့်လုပ်ဆောင်ခြင်း၊ အထူးသဖြင့် ဤကပ်ရောဂါဘေးက လုစ်ဟပြလိုက်သည့်စိုးရိမ်ရသောလစ်ဟာမှုများရှိနေသည့်နယ်ပယ်များကိုအထူးအလေးပေးရန်ဖြစ်သည်။ဤသည်တို့တွင် လုပ်ငန်းခွင်အခြေခံစည်းမျဉ်းများနှင့်အခွင့်အရေးများကိုလေးစားလိုက်နာခြင်း၊ လုံလောက်ပြည့်မီ သည့်အနည်းဆုံးလုပ်ခလစာကိုပြဌာန်းဥပဒေဖြင့် သို့မဟုတ် ညှိနှိုင်းမှုဖြင့် သတ်မှတ်ခြင်း၊ အမြင့်ဆုံးအလုပ်လုပ်ချိန် ကန့်သတ်ခြင်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါက တင်ပြလိုက်သည့်လတ်တလောစိန်ခေါ်မှုများကို အထူးအလေးထားသောလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး တို့ပါဝင်သည်။

(ခ) ဤကပ်ရောဂါကြောင့်ဖြစ်လာရသည့် တိုးပွားလာနေသောအခွင့်အရေးဆိုင်ရာအခြေခံစည်းမျဉ်းများကိုချိုးဖောက်မှုများကို ကိုင်တွယ်ရန်အတွက် နှစ်ဆတိုးကြိုးပမ်းအားထုတ်ရန်။

(ဂ) ကိုဗစ်-၁၉ကပ်ရောဂါနှင့်ထိတွေ့ရန်အန္တရာယ်ပို၍မြင့်မြင့်မားမားရှိသူအလုပ်သားများ၊ ကျန်းမာရေးထိခိုက်နိုင်သည့်အန္တရာယ်ရှိသောအလုပ်သမားကို လုံလောက်ပြည့်မီသောအကာအကွယ်ပေးရန်။ ကျန်းမာရေးဝန်ထမ်းများနှင့်ရှေ့တန်း၌တာဝန်ထမ်းဆောင်သူအခြားအလုပ်သမားများအားလုံးပါဝင်သည်။ နိုင်ငံရပ်ခြား၌အလုပ်လုပ်ကိုင်သူများသည် ကာကွယ်ဆေး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့်ပစ္စည်းများ၊သင်တန်း၊ ရောဂါပိုးစစ်ဆေးခြင်း စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု ရရှိရမည်။ ၎င်းတို့ကို လုံလောက်ပြည့်မီသောလုပ်ခပေးခြင်း၊ လွှန်ကဲသောလုပ်ငန်းတာဝန်ပေးအပ်ခံရမှုကိုဆန့်ကျင်ခြင်းအပါအဝင် လုပ်ငန်းခွင်၌အကာအကွယ်ပေးခြင်း။

(ဃ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အလုပ်ရှင် အလုပ်သမားများနှင့်၎င်းတို့၏ကိုယ်စားလှယ်များနှင့် ပူးပေါင်းခြင်းဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအစီအမံများကို အားဖြည့်ရန်အောက်ပါတို့ကိုလုပ်ဆောင်ခြင်း။

(၁) လိုအပ်ချက်နှင့်အံဝင်ခွင်ကျ စီမံထားသည့်လက်တွေ့လမ်းညွှန်မှုဆိုင်ရာသတ်မှတ်ပြဌာန်းချက်များ၊

(၂) ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ကူညီပံ့ပိုးခြင်း၊

(၃) လျော်ကန်သောထိန်းချုပ်မှုနှင့် အရေးပေါ်အခြေအနေ အရန်သင့်ရှိမှု အစီအမံများကိုစတင်ကျင့်သုံးခြင်း၊

(၄) ရောဂါသစ်များဖြစ်ပွားခြင်း သို့မဟုတ် အခြားလုပ်ငန်းခွင်ဆိုင်ရာအန္တရာယ်များကို ဆီးတားရန်အစီအမံများ၊

(၅) ကျန်းမာရေးအစီအမံများ၊ ကိုဗစ်-၁၉အခြေပြုနည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာခြင်း။

ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ညီသောအလုပ်အကိုင်ဆိုင်ရာအခြေအနေများသည် သင့်လျော်ကောင်းမွန်သည့်အလုပ်၏အခြေခံဖြစ်ကြောင်း အသိအမှတ်ပြုခြင်း။

(င) အလုပ်အကိုင်များကိုထိန်းထားရန်နှင့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဖြစ်နိုင်မည့်အခွင့်အခါကောင်းများပွင့်ကားလာစေရန် ကွန်ပြူတာ/အီးမေးလ်/ဖုန်း ဖြင့်အိမ်မှအလုပ်လုပ်ခြင်း (teleworking) နှင့်အလုပ် လုပ်ခြင်းနှင့်ဆိုင်သည့်အခြားအစီအစဉ်အသစ်များနှင့်မိတ်ဆက်ပေးရန်၊ အသုံးပြုရန် နှင့်ယင်းတို့နှင့် လိုက်ဖက်မှုရှိအောင်ပြင်ဆင်ရန်။ နိုင်ငံတကာအလုပ်သမားရေးရာစံချိန်စံနှုန်းများ၊ လူတစ်ဦး၏အနေအထိုင်အယှက်မှအေးငြိမ်းစွာနေလိုမှုကိုလေးစားလျက်၊ အချက်အလက်များကိုကာကွယ်ရန်နှင့် အလုပ်-လူမှုဘဝ ဟန်ချက်မျှရန် အားပေးလျက်၊ အခြားနည်းလမ်းများဖြစ်သော စည်းမျဉ်းစည်းကမ်း၊ အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း၊ စုပေါင်းအရေးဆိုခြင်း၊လုပ်ခွင်အတွင်းပူးပေါင်းဆောင်ရွက်မှု၊ဒီဂျစ်တယ် (ကွန်ပြူတာ/အင်တာနက်များကိုချိတ်ဆက်၍လုပ်ငန်းစဉ်တစ်ခုခုဆောင်ရွက်ခြင်း) အသုံးပြုနိုင်မှုရှိခြင်း/မရှိခြင်း ကွာဟချက်ကိုလျှော့ချရန်ကြိုးပမ်းမှုတို့မှတစ်ဆင့် ဆောင်ရွက်ရန်ဖြစ်သည်။

(စ) အလုပ်ရှင်-အလုပ်သမားအကြား ဥပဒေအရချိတ်ဆက်မှုသည် အမြဲမပြတ်ဆက်စပ်မှုရှိစေဖို့ ထိန်းသိမ်းရန်။ ယင်းကို အလုပ်သမားများအားသေချာမှုပေးသော၊ ဥပဒေဖြင့်အကာအကွယ်ပေးသောနည်းလမ်းအဖြစ် ဖြစ်စေရန်။ ဥပဒေဘောင်အတွင်းအခွန်အခမဆောင်ပဲလုပ်နေသည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေမှု၊ ယင်းလုပ်ငန်းများ ဥပဒေအတိုင်း ကူးပြောင်းလုပ်ကိုင်လာကြစေရန်လည်းကောင်း၊ သင့်လျော်ကောင်းမွန် သည့်အလုပ်များဖြစ်စေရန်လည်းကောင်း၊ ထိရောက်သည့်အရေးယူဆောင်ရွက်မှုရှိကြောင်းသေချာစေဖို့ အရေးတကြီး လိုအပ်ကြောင်း အသိအမှတ်ပြုသည်။

(ဆ) အများပြည်သူနှင့်ဆိုင်သောမူဝါဒ၊ လုပ်ငန်းများ၏ကျင့်စဉ် တို့မှတစ်ဆင့် အောက်ပါတို့ကိုလုပ်ဆောင်ခြင်းဖြင့်ကျား/မညီမျှမှုအတွက် ပြန်လည်ဆန်းသစ်ထားသည့်လုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ရန်။

(၁) တန်ဖိုးတူအလုပ်အတွက် လစာတူ ပေးကြောင်းသေချာစေခြင်း။ အခြားအချက်များအပါအဝင် လုပ်ခလစာ နှင့်စပ်လျဉ်း၍ပွင့်လင်းမြင်သာမှုရှိခြင်း၊

(၂) ဥပဒေ၊ မူဝါဒများကိုတိုးချဲ့ပြဌာန်းခြင်း။ - ပြုစုစောင့်ရှောက်မှုအတွက်လုပ်ခဖြင့်ခွင့်အလုံအလောက်ပေးရေး၊ အလုပ်နှင့်မိသားစုတာဝန်ခွဲဝေမှုကို ပိုရှိဟန်ချက်ညီလာအောင်တိုးမြှင့်လုပ်ဆောင်ရေးတို့ဖြစ်သည်။

(၃) အလုပ်အကိုင်ဖန်တီးခြင်းနှင့် ဘဝတစ်သက်သာသင်ယူမှု ဥပဒေမူဝါဒများကိုအားပေးခြင်း။ ယင်းသည်ကျား/မ ဖြစ်ခြင်းကြောင့် ကျွမ်းကျင်မှုကွာဟ ရခြင်းကို ကျဉ်းမြောင်းစေသည်။

(၄) ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးလုပ်ငန်း၊ စောင့်ရှောက်ရေးနှင့်ဆိုင်သည့်စီးပွားရေးလုပ်ငန်းနှင့်အခြားကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံခြင်း။ ဝန်ထမ်းအရေအတွက်နည်းသည်ကို ဖြေရှင်းခြင်း၊ အလုပ် လုပ်ကိုင်နေရသည့်အခြေအနေများကို ပိုကောင်းလုပ်အောင်လုပ်ခြင်း တို့ဖြစ်သည်။

(၅) ပညာသင်ကြားရေး၊ သင်တန်းတက်ရောက်ရေး၊ အလုပ်အကိုင်နှင့် အသက်မွေးမှုလုပ်ငန်းတို့ကို အဝင်ခက်ရန်နှင့် နောက်တစ်ဆင့်တက်ရန်ခက်ခဲစေသည့် ဥပဒေနှင့် အခြားပုံစံများ နှင့်ရှိနေသောအတားအဆီးများကိုဖယ်ရှားခြင်း။

(၆) အလုပ်အကိုင်လောက၌ ကျား/မဖြစ်ခြင်းကိုအခြေခံ၍ဖြစ်သော အကြမ်းဖက်မှုနှင့်နှောင့်ယှက်မှုများကိုတားဆီးခြင်း၊မဖြစ်ရန်ကာကွယ်ခြင်း။

(ဇ) အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်း ကဏ္ဍများတစ်ခွင် တန်းတူညီမျှမှု၊ မတူကွဲပြားမှု၊ အားလုံးပါဝင်မှု တို့အတွက် ပြန်လည်ဆန်းသစ်ထားသောလုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ရန်။ ယင်းသို့လုပ်ဆောင်ရာ၌ အလုပ်အကိုင်လောက၌ အကြမ်းဖက်မှု၊အနှောင့်အယှက်၊ အကြောင်းအမျိုးမျိုးဖြင့် အဆင့်အတန်းခွဲခြားနေမှုများ ပပျောက်သွားစေရန် ရည်ရွယ်ရမည်။ ထိုအကြောင်းအမျိုးမျိုးတွင်၊ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာရေး၊

နိုင်ငံရေးအသိအမြင်၊ မည်သည့်နိုင်ငံမှမည်သည့်နိုင်ငံသားဖြစ်ခြင်း၊ လူမှုရေးဇစ်မြစ် (လူတန်းစား/ဇာတ်) တို့ပါဝင်သည်။ ထို့ပြင် ရွှေ့ပြောင်းနေထိုင်သူ၊ ဌာနေတိုင်းရင်းသားနှင့်မျိုးနွယ်စု၊ အာဖရိကမျိုးရိုး၊ လူနည်းစု တိုင်းရင်းသား၊ သက်ကြီးသူ၊ မသန်စွမ်းသူ၊ HIV/AIDS ဝေဒနာရှင်တို့၏ သီးခြားအခြေအနေ၊ အားနည်းချက်/ပျော့ကွက်များကိုထည့်သွင်းစဉ်းစားရန်ရည်ရွယ်ရမည်။

## ဂ. အားလုံးအတွက်လူမှုကာကွယ်စောင့်ရှောက်ခြင်း

(က) လူတိုင်း ကျယ်ပြန့်ပြည့်စုံ၍ ပြည့်စုံလုံလောက်မှုရှိကာရေရှည်တည်တံ့သည့်လူမှုကာကွယ်စောင့်ရှောက်မှုကိုခံစားရရှိရန်။ ယင်းတွင် နိုင်ငံအလိုက်သတ်မှတ်ထားသည်အခြေခံလူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများပါ ဝင်သည်။ ယင်းအစီအမံသည် အနည်းဆုံး၊ နွမ်းပါးသူတစ်ဦး၏သက်တမ်းတစ်လျှောက်လုံး အခြေခံဝင်ငွေလုံခြုံမှု၊ မဖြစ်မနေလိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု ရှိကြောင်း သေချာစေရမည်။ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးစံနှုန်းများကိုအမြင့်မားဆုံးရရှိခံစားပိုင်ခွင့်ရှိခြင်းသည် ယခုအခါ ပို၍အရေးကြီးကြောင်း အသိအမှတ်ပြုရမည်။

(ခ) ဤကပ်ရောဂါကြောင့်အလုပ်အကိုင်၊ အသက်မွေးဝမ်းကြောင်း ဆုံးရှုံးသွားသူအလုပ်သမားများအတွက် ပံ့ပိုးမှုရကြောင်းသေချာစေရန်အတွက် အလုပ်လက်မဲ့ကာကွယ်စောင့်ရှောက်မှုရရှိရေးအစီအမံများ ပို၍ကောင်းစေရန်၊ ထိုသို့သော အကူးအပြောင်း၌ လွယ်ကူချောမွေ့မှုရှိစေရန်။

(ဂ) ပြည့်မီလုံလောက်သောလစာဖြင့်ဖျားနာခွင့် ခံစားခွင့်ပေးရန်။ မကျန်းမာမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်၊ အလုပ်သမား အားလုံးအတွက် ကျန်းမာရေးနှင့်စောင့်ရှောက်ရေးဝန်ဆောင်မှုများ၊ မိသားစုခွင့်နှင့် မိသားစုနှင့်သင့်တော်သည့်မူဝါဒများ။ ရောဂါခြေချုပ်ဖြင့်နေရသည့်ဖြစ်ရပ်၊ တစ်ဦးတည်းခွဲနေရသည့်ဖြစ်ရပ်များအတွက်ကုန်ကျစရိတ်ပေးကြောင်းသေချာစေရန်နှင့် အကျိုးခံစားခွင့်များကိုပို၍မြန်ဆန်စွာပေးနိုင်မည့်ယန္တရားများကို ဖော်ထုတ်ရေးဆွဲခြင်း တို့ပါဝင်သည်။

(ဃ) လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များအတွက် သာတူညီမျှရှိပြီး ရေရှည်တည်မည့်ငွေကြေးထောက်ပံ့မှုပေးရန်။ ငွေကြေးအင်အားအတွက်ထိရောက်သောစည်းရုံးမှု၊ မည်သူမျှမကျန်ရစ်ကြောင်းသေချာစေရန် အားလုံး၏စည်းလုံးညီညွတ်မှု၊ ညှိနှိုင်းဆောင်ရွက်မှုကို အားဖြည့်ရမည်။

(င) ကောင်းစွာလုပ်ငန်းလည်ပတ်သည့်စီးပွားရေးနှင့်လူမှုအဖွဲ့အစည်းဖြစ်ရေးပံ့ပိုးရာ၌ မရှိ၍မဖြစ်သောအစိုးရ၏အခန်းကဏ္ဍကိုအားဖြည့်ရန်။ အထူးသဖြင့် ကျန်းမာရေးဆိုင်ရာအရေးကြုံကာလများ၌ လူထုကျန်းမာရေးနှင့် စောင့်ရှောက်ရေးစနစ်များ၏အရေးကြီးသောအခန်းကဏ္ဍကိုလည်းကောင်း၊ နောင်တွင်ဖြစ်လာမည့်ထိတ်လန့်မှုများ နှင့်ကပ်ရောဂါများကိုကာကွယ်ရန်လည်းကောင်း အသိအမှတ်ပြုရမည်။

## ဃ. အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း

(က) နိုင်ငံများစွာ၊ လုပ်ငန်းကဏ္ဍများစွာ၌ ကိုဗစ်-၁၉ ကပ်ဘေးကိုချက်ချင်းတုံ့ပြန်ရာတွင် အပြန်အလှန်ဆွေးနွေးပြောဆိုမှု - နှစ်ဦးနှစ်ဖက်နှင့်သုံးပွင့်ဆိုင်- ၏အရေးပါသည့်ကဏ္ဍအပေါ်မှတပ်ဆင့်တည်ဆောက်ရန်။ လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းပိုင်ခွင့်ကို ကျင့်သုံးနိုင်ရန် စည်းရုံးလှုပ်ရှားမှုနှင့်ယင်းလုပ်ပိုင်ခွင့်၏ဖြစ်ထွန်းမှုကိုလေးစားခြင်း၊ စုပေါင်းအရေးဆိုခွင့်၏ထိရောက်သောဖြစ်ထွန်းမှုကိုလေးစားခြင်းတို့အပေါ် အခြေခံရပါမည်။

(ခ) အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းကိုအားပေးရန်။ အထူးသဖြင့် ကမ္ဘာ့အဝှမ်းကအရေးယူတုံ့ပြန်ပါရန်တောင်းဆိုသည့်ကြေညာချက်တွင်ပြဌာန်းထားသည့်ရလဒ်ကို ဖြန့်ဝေရာ၌ ဖြစ်သည်။ အလုပ်အကိုင်များစွာဖန်တီးပေးသည့်ပြန်လည်ထူထောင်ရေးအစီအစဉ်ဖြစ်ကြောင်းသေချာစေရေးအတွက် သင့်လျော်ကောင်းမွန်သည့်အလုပ်များကိုထိန်းထားရန်နှင့်ဖန်တီးရန်လည်းကောင်း၊ လုပ်ငန်းများအလျဉ်မပြတ်လည်ပတ်ရန်လည်းကောင်း၊ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍနှစ် ရပ်

စလုံး၏ဦးစားပေးကဏ္ဍများ၊နယ်ပယ်များ၌လည်းကောင်း ရင်းနှီးမြှုပ်နှံရန်လိုအပ်မှုများကို ဖြေရှင်းရာ၌ မိမိနိုင်ငံ၏ ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့်မူဝါဒများကို ရေးဆွဲ၊ အကောင်အထည်ဖော်ရာတွင် နိုင်ငံ့အစိုးရများသည် မိမိတို့၏လူမှုရေး မိတ်ဖက်များနှင့် တိုင်ပင်ဆွေးနွေးရန်ဖြစ်သည်။

(ဂ) ထိုကဲ့သို့သောအပြန်အလှန်ဆွေးနွေးပွဲများတွင်ပါဝင်ရန် အစိုးရအုပ်ချုပ်မှုနှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်ကို အားကောင်းအောင်ပြုလုပ်ရန်။ ယင်းကို ဒေသ၊ နိုင်ငံ၊ လုပ်ငန်းနှင့် ဒေသဆိုင်ရာကဏ္ဍများ တို့၏ပြန်လည်ထူထောင်ရေးနည်းဗျူဟာများ၊ မူဝါဒများနှင့်အစီအစဉ်များကို ရေးဆွဲ၊ အကောင်အထည်ဖော်ရန်နည်းလမ်းအဖြစ် အသုံးပြုနိုင်သည်။

## ၂။ အားလုံးပါဝင်၍ရေရှည်တည်တံ့ခိုင်မြဲကာအပြောင်းအလဲကို အလိုက်သင့်တွန်းလှန်နိုင်စွမ်းရှိသော လူသားဗဟိုပြု ပြန်လည်ထူထောင်ရေး အစီအစဉ်အပေါ် အိုင်အယ်လ်အို၏ ဦးဆောင် ပံ့ပိုးမှု

၁၂။ လူမှုရေးတရားမျှတမှုနှင့်သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်ဖြစ်ရေးအတွက် မိမိကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့် အာဏာဖြင့်၊ အိုင်အယ်လ်အိုသည် နိုင်ငံတကာပူးပေါင်းမှုစနစ်အတွင်းမှ လူသားဗဟိုပြုကိုဗစ်-၁၉ ကပ်ဘေးမှပြန်လည်ထူထောင်ရေးလုပ်ငန်းကို ရှေ့တိုးလုပ်ဆောင်ရာတွင် ဦးဆောင်မှုကဏ္ဍမှ လုပ်ရမည်။ ဤလုပ်ငန်းသည် အားလုံးပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲကာအပြောင်းအလဲကို အလိုက်သင့်တွန်းလှန်နိုင်စွမ်းရှိသည်။ အိုင်အယ်လ်အို ရာပြည့်ကြေညာစာတမ်းကိုအကောင်အထည်ဖော်ခြင်းအား အာရုံစိုက်၊ အရှိန်မြှင့်တင်ခြင်းမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများ၏ပြန်လည်ထူထောင်ရေးကြိုးပမ်း အားထုတ်မှုအပေါ် မိမိ၏ပံ့ပိုးကို အားကောင်းစေ လာပါမည်။ ၂၀၃၀ အစီအစဉ်ကို သွက်လက်မြန်ဆန်စွာအကောင်အထည်ဖော်ရန် ကုလသမဂ္ဂစနစ်၏ကြိုးပမ်း အားထုတ်မှုများ၌ တက်ကြွစွာပါဝင်လှုပ်ရှားရင်းနှင့်ပင်၊ ဘက်ပေါင်းစုံကပါဝင်သည့်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတို့၏ပံ့ပိုးမှုကို အကျိုးကျေးဇူးအမြင့်ဆုံးရစေရေးအတွက် အသုံးပြုပါမည်။

၁၃။ ဤကပ်ကာလထဲမှပင် အစိုးရ၊ အလုပ်ရှင်များနှင့်အလုပ်သမားများတို့၏အဖွဲ့အစည်းများက ရှေ့သို့ ပို၍ကောင်းကောင်းတည်ဆောက်ဖို့ ပံ့ပိုးကူညီရန်အလို့ငှာ၊ မည်သူကိုမျှမကျန်ရစ်စေသော ပြန်လည်ထူထောင်ရေးနည်းဗျူဟာများကိုဒီဇိုင်းဆွဲရာနှင့်အကောင်အထည်ဖော်ရာတွင်ပံ့ပိုးရန် ILO သည်မိမိ၏နည်းလမ်းအားလုံးကိုအသုံးပြုပါမည်။ ဤသည်သောအကြောင်းကြောင့်၊ ILO သည်အောက်ပါတို့ကိုလုပ်ဆောင်သောအဖွဲ့ဝင်နိုင်ငံများ၏ကြိုးပမ်းမှုများအပေါ် မိမိ၏ပံ့ပိုးမှုကိုအားဖြည့်ပါမည်။

(က) အားလုံးပါဝင်သောတည်တံ့ခိုင်မြဲသည့်စီးပွားရေးတိုးတက်မှု။ အလုပ်အကိုင်နှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု။အောက်ပါတို့ကိုဖြစ်စေမည့် ဥပဒေ မူဝါဒများ၊ ချဉ်းကပ်မှုနည်းလမ်းများကိုရေးဆွဲဖော်ထုတ်ရန်အတွက် တိုး၍ပံ့ပိုးခြင်း-

(၁) အလုပ်အကိုင်အမြောက်အမြားဖြစ်ပေါ်စေမည့်ရင်းနှီးမြှုပ်နှံမှု၊

(၂) လက်ရှိအသုံးပြုနေသောလုပ်သားဈေးကွက်မူဝါများကိုအားဖြည့်မှု၊

(၃) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ၊တည်တံ့ခိုင်မြဲသောလုပ်ငန်းများကိုဖြစ်မြောက်စေသောဝန်းကျင်ကို ထောက်ကူမှု၊

(၄) ထုတ်ကုန်အမျိုးမျိုးထုတ်လုပ်မှု၊ ထွင်ဉာဏ်ဖြင့်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်စွမ်းအားကိုမြှင့်တင်မှု၊

(၅) နည်းပညာနှင့်ဆိုင်သောတိုးတက်မှုနှင့် ဒီဂျစ်တယ်အသုံးပြုမှု (ကွန်ပြူတာ၊ အင်တာနက်ချိတ်ဆက်အလုပ်လုပ်ခြင်း) ကိုထိန်းချုပ်အသုံးချခြင်း၊ (ယင်းတွင်၊ အလုပ်နေရာ- သင့်

လျော်ကောင်းမွန် သောအလုပ်နှင့်တည်တံ့ခိုင်မြဲသည့်လုပ်ငန်းများကိုဖန်တီးရန်၊ အကျိုးအမြတ်ကို လူ့အသိုင်းအဝိုင်းကျယ်ကျယ်ပြန့်ပြန့်က ခံစားရဖို့ ထောက်ကူရန် တို့ပါဝင်သည်။) အန္တရာယ်ဖြစ်နိုင်သည်များ၊ စိန်ခေါ်မှုများကိုဖြေရှင်းခြင်း (လူအချင်းချင်း နှင့် နိုင်ငံအချင်းချင်းအကြား ဒီဂျစ်တယ်အသုံးပြုသည့် ကွာဟချက်ကို လျှော့ချခြင်း လည်းပါဝင်သည်။)

(၆) လုပ်သားဈေးကွက်ကလိုအပ်နေသည့်ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးမည့်အခွင့်အလမ်းများအတွက်အထောက်အကူ၊ စာသင်ခန်းနှင့်သင်တန်းများမှ လုပ်ငန်းခွင်ဝင်ကြမည့်လူငယ်များအတွက် ထိရောက်အကျိုးရှိသောအကူးအပြောင်းဖြစ်ရန်ပံ့ပိုးမှု၊

(၇) သက်ကြီးလုပ်သားများအား လိုအပ်သည့်ကျွမ်းကျင် လိမ္မာမှု၊ အကြံဉာဏ်၊ အကူအညီများကိုပေးမည့် လမ်းညွှန်ချက်၊ သင်တန်း၊ အလုပ်အကိုင်ဆိုင်ရာ အစရှိသည့်ဝန်ဆောင်မှုများအတွက် အထောက်အကူ။ ထိုသူတို့သည် မိမိတို့၏ရွေးချယ်နိုင်မှုကိုဖြန့်ကြက်ရန်လည်းကောင်း၊ မိမိတို့အငြိမ်းစားယူသည်အထိ အရည်အသွေးကောင်း၍၊ အကျိုးရှိကာ၊ အခြေအနေကောင်းများဖြင့် အလုပ် လုပ်နိုင်သောမိမိတို့၏အခွင့်အလမ်းများကို လည်းကောင်း၊ အသက်ကြီးလာခြင်းနှင့်အတူအရည်အသွေးရှိဘဝကိုလည်းကောင်း၊ သင့်မြတ်စွာရရှိနိုင်ရန် ထိုအထောက်အကူများကိုလိုအပ်ကောင်း လိုအပ်နိုင်သည်။

(ခ) အလုပ်သမားအားလုံးကိုကာကွယ်ခြင်း။ ယင်းတွင်၊ မူဝါဒဆိုင်ရာအကြံဉာဏ်များကိုအားဖြည့်မှု၊ စွမ်းဆောင်ရည်တည်ဆောက်မှု၊ နှင့် အောက်ပါတို့ကိုပံ့ပိုးမည့် နည်းပညာအကူအညီ တို့ပါဝင်သည်။

(၁) ကောင်းမွန်သည့်အလုပ်သမားရေးရာဆက်ဆံရေး၊ နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းအပေါ်အခြေပြုသည့် ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းမူဘောင်များ။ ယင်းတွင် လုပ်ငန်းခွင်အခြေခံစည်းမျဉ်းများနှင့်အခွင့်အရေးများ၊ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ဘေးအတွေ့အကြုံနှင့်ဆက်နွယ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ကိုအလေးပေးခြင်း တို့ပါဝင်သည်။

(၂) ဥပဒေဘောင်နှင့်မလုပ်သောစီးပွားရေးလုပ်ငန်းများ နှင့်မရေရာသောအလုပ်အကိုင်ပုံစံများကိုဖြေရှင်းရန်အတွက် နည်းဗျူဟာများကိုဦးစားပေးအလိုက်ချမှတ်ခြင်း၊ ခေတ်ရေစီးကြောင်းနှင့်အညီဖြစ်စေခြင်း။ ယင်းတို့သည် ကပ်ဘေးဒဏ်အထူးရိုက်ခတ်ခံခဲ့ရသည်။ ယင်းတွင်သုတေသနပြုလေ့လာခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၊ မူဝါဒ ဖြင့်ကြားဝင်ဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ချက်များ တို့ပါဝင်သည်။

(၃) မူလအလုပ်အကိုင်အခြေအနေကိုထိန်းထားခြင်း။ အရေးပေါ်ကာလနှင့်ကပ်ဘေးများအပေါ် သို့ လုပ်သားဈေးကွက်များ၏အလိုက်သင့်တုံ့ပြန်နိုင်စွမ်းရှိမှုကို မြှင့်တင်ခြင်း။

(ဂ) လူတိုင်း ကျယ်ပြန့်ပြည့်စုံ၍ ပြည့်စုံလုံလောက်မှုရှိကာ ရေရှည်တည်တံ့သည့် လူမှုကာကွယ်စောင့်ရှောက်မှုကိုခံစားရရှိရန်။ ယင်းတွင် ဝင်ငွေရေရာမှု၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ လူများကိုတတ်နိုင်စွမ်းရှိစေမှု (ကိုယ်ပိုင်အလုပ်လုပ်သူများ၊ ဥပဒေဘောင်နှင့်မလုပ်သောလုပ်ငန်းများမှအလုပ်သမားများ)အတွက်အခြေခံအစီအမံများပါဝင်သည်။ ဘဝနှင့်လုပ်ငန်းခွင်မှစိန်ခေါ်မှုများ၊ အထူးသဖြင့် ကိုဗစ်-၁၉ ကြောင့်ရုတ်တရက်ပေါ်လာသည့်စိန်ခေါ်မှုများတို့ကို ကိုင်တွယ်နိုင်ရန်ဖြစ်သည်။

(ဃ) အလုပ်သမားရေးရာအုပ်ချုပ်စီမံခန့်ခွဲသူများ၊ အလုပ်သမားရေးရာစစ်ဆေးသူများနှင့်အခြားသက်ဆိုင်ရာအာဏာပိုင်များ၏စွမ်းဆောင်ရည်ကိုအားဖြည့်ခြင်း။ ၎င်းတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အထူးသဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း

ရေးနှင့်ကျန်းမာရေး တို့၏နည်းဥပဒေများ၊ စည်းမျဥ်းစည်းကမ်းများကို အကောင်အထည်ဖော် ကြောင်း သေချာစေရန် ဖြစ်သည်။

(င) ပြန်လည်ထူထောင်ရေးနည်းဗျူဟာများကို ရေးဆွဲ၊ အကောင်အထည်ဖော်ရန် အပြန်အလှန်ဆွေးနွေးသည့်နည်းဗျူဟာကို အသုံးပြုခြင်း။ နိုင်ငံအဆင့် ပြန်လည်ထူထောင်ရေးနည်းဗျူဟာရေးဆွဲခြင်းတွင် ပါဝင်ရန် အလုပ်ရှင်များနှင့်အလုပ်သမားများတို့၏စွမ်းဆောင်ရည်များကို အားဖြည့်ရန်နှင့် ပြန်လည်ထူထောင်ရေး၌ ၎င်းတို့မိသားစုဝင်များကိုပံ့ပိုးရန် ဖြစ်သည်။ ယင်းတွင်၊ အိုင်အယ်လ်အို၏ နိုင်ငံတကာဆိုင်ရာဗဟိုသင်တန်းကျောင်း၊ အိုင်အယ်လ်အို၏မိတ်ဖက်သင်တန်းသူများမှတစ်ဆင့် ဆောင်ရွက်ခြင်းတို့ပါဝင်သည်။

**၁၄။** အထူးသဖြင့် အလုပ်အကိုင်လောကအပေါ် ကိုဗစ်-၁၉ ၏သက်ရောက်မှုများကို ကိုင်တွယ်ရာ၌ ဘက်ပေါင်းစုံမှပါဝင်မှု၏အရေးပါပုံကို အလေးထားလျက်၊ ILO သည် ကဏ္ဍာဘက်ပေါင်းစုံမှအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများတို့နှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုကိုအားဖြည့်ပါမည်။ နိုင်ငံအဆင့်ပြန်လည်ထူထောင်ရေးနည်းဗျူဟာများကိုပံ့ပိုးရာ၌ အားကောင်း၍ တစ်ခုနှင့်တစ်ခုဆက်စပ်မှုရှိသောနိုင်ငံတကာတုံ့ပြန်မှုကိုရရှိအောင်စွမ်းဆောင်နိုင်ရန် လုပ်ငန်းစဉ်ချ၍လုပ်ပါမည်။ ယင်းတွင် အောက်ပါတို့ကိုလုပ်ဆောင်ရန် ပါဝင်သည် -

(က) နည်းပညာနှင့်ငွေကြေးပံ့ပိုးမှုပေးရေးညှိနှိုင်းပေးရန်။ အထိခိုက်လွယ်ဆုံးသူများ၊ ရိုက်ခတ်ခံရသူများ၊ အရိုက်ခတ်ခံရဆုံးလုပ်ငန်းကဏ္ဍများကိုအထူးအာရုံစိုက်၍ လုပ်ခပေးအလုပ်အကိုင်ရရှိမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဖြစ်မှုတို့အပေါ် ၎င်း၏အကျိုးပြုသောသက်ရောက်မှုကို ရနိုင်သမျှရအောင်လုပ်ရန်အတွက်ဖြစ်သည်။

(ခ) နိုင်ငံ့မူဝါဒနှင့် ဖွံ့ဖြိုးရေးအတွက်ပူးပေါင်းဆောင်ရွက်မှုတို့ကို ဦးစားပေးရန်။ လုပ်ငန်းခွင်အခြေခံစည်းမျဥ်းနှင့်အခွင့်အရေးများကိုလေးစားလိုက်နာခြင်း၊ နိုင်ငံတကာအလုပ်သမားရေးရာစံချိန်စံညွှန်းများကို ဥပဒေများ၌ထည့်သွင်းပြဋ္ဌာန်းခြင်းနှင့်အကောင်အထည်ဖော်ခြင်း၊ လက်တွေ့ကျင့်သုံးခြင်း။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝတစ်သက်တာသင်ယူမှုနှင့် လက်ရှိလုပ်သားဈေးကွက်မူဝါဒများ။ ကျား/မ တန်းတူရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး။ ကပ်ရောဂါ၏အချိုးမညီစွာရိုက်ခတ်မှုကိုခံရသောစီးပွားရေးလုပ်ငန်းများအလျဥ်မပြတ်လည်ပတ်နိုင်မှုအတွက်ငွေကြေးထည့်သွင်းခြင်း - ယင်းတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား လုပ်ငန်းများပါဝင်သည်။

(ဂ) ကျယ်ပြန့်ပြည့်စုံ၍ ရေရှည်တည်တံ့မည့်လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များအတွက် နိုင်ငံတကာပံ့ပိုးမှုဖြင့် အဖွဲ့ ဝင်နိုင်ငံများက ငွေကြေးခွဲဝေမှုနည်းဗျူဟာရေးဆွဲရာနှင့်အကောင်အထည်ဖော်ရာတွင် ကူညီရန်။ ရည်ရွယ်ချက်မှာ ကျယ်ပြန့်ပြည့်စုံ၍ လုံလောက်ပြည့်မီမှုရှိကာ ရေရှည်တည်တံ့သော လူအားလုံးပါဝင်ခံစားနိုင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ကိုတည်ဆောက်ရန်ဖြစ်သည်။ ၎င်းတွင် နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံနှုန်းများအပေါ်အခြေခံသည့်အစီအမံများ ပါဝင်မည်။

(ဃ) သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဖြစ်စေရန်ရည်မှန်းချက်များ နှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးအတွက်အထောက်အကူများသည် နိုင်ငံတကာကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမူဝါဒများနှင့်ပို၍နီးစပ်မှုရှိရေး ညှိနှိုင်းပေးရန်။ နိုင်ငံတကာနှင့်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမှရရှိသောအကျိုးကျေးဇူးများကို ကျယ်ပြန့်စေရန်နှင့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်များဖြစ်စေဖို့ ထောက်ကူရန်ဖြစ်သည်။ သဘာပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး၊ ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးစားသုံးမှုကွင်းဆက်အတွင်းရှိလုပ်ငန်းများ တည်တံ့ခိုင်မြဲရေးအတွက် လူမှုရေး၊ ကုန်သွယ်ရေး၊ ငွေကြေး၊ စီးပွားရေးတို့နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများအကြားရှိ ခိုင်မာ၍ ဆက်စပ်မှုအမျိုးမျိုးရှိနေသည့် အရေးပါသောချိတ်ဆက်မှုများကို ထည့်သွင်းစဉ်းစားရပါမည်။

(င) အားလုံးပါဝင်၍ တည်တံ့ခိုင်မြဲကာ ပြောင်းလဲမှုများကိုအလိုက်သင့်တုံ့ပြန်စွမ်းရှိသော စီးပွားရေးတိုးတက်မှုဖြစ်ရန်၊ အကျိုးဖြစ်ထွန်းကာလွတ်လပ်မှုအပြည့်ဖြင့်ရွေးချယ်နိုင်သောအလုပ်အကိုင်ဖြစ်ရန် နှင့် သင့်လျော်ကောင်းမွန်

သောအလုပ်အကိုင်ဖြစ်ရန် ဟူသည့်ရည်မှန်းချက်များပါရှိသည့် ဘဏ္ဍာရေး၊ ငွေကြေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများတို့နှင့်ဆိုင်သည့်မူဝါဒများကိုအားပေးရန်။ILO၏ရာပြည့်ကြေညာစာတမ်းတွင်လူသားဗဟိုပြုချဉ်းကပ်ပုံကိုတင်ပြထားသည်။ ယင်းမှာ ကျယ်ပြန့်သောအမြင်ဖြင့်စီးပွားရေးဆိုင်ရာများကိုလေ့လာခြင်းဖြင့် အလားအလာရှိသည့် အပြုသဘောဆောင်သောသက်ရောက်မှုများအပေါ်နားလည်မှုတိုးလာစေခြင်း ဖြစ်သည်။

(စ) မမျှတမှုများကိုလျော့နည်းအောင်လုပ်ရန်၊ ဥပဒေဘောင်ဖြင့်မလုပ်သည့်လုပ်ငန်းများကိုတရားဝင်ဖြစ်လာစေ ဖို့လုပ်ဆောင်ရန်၊ မရေရာသည့်အလုပ်အကိုင်ပုံစံများအကြောင်းဆွေးနွေးရန်နှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်း၊ ရေရှည်တည်တံ့သည့်လုပ်ငန်း ကိုလုပ်ဆောင်နိုင်သည့်ဝန်းကျင်ဖြစ်စေရေး အတွက်အားပေးရန်၊

(ဆ) သင့်လျော်ကောင်းမွန်သည့်အလုပ်အကိုင်များကိုဖန်တီးပေးရေး(စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များထဲမှတစ်ခုဖြစ်သည်)အလားအလာအတွက် သုတေသနကြိုတင်ပြုလုပ်ရန်နှင့် ရလာမည့်အချက်အလက်များ ကောင်းမွန်စေဖို့လုပ်ဆောင်ရန်။ ယင်းသည် ပြန်လည်ထူရေးလုပ်ငန်းစဉ်တွင်အပြီးပါဝင်နေရမည့်အစိတ်အပိုင်းဖြစ်သည်။ ထုတ်လုပ်-စားသုံးမှုစက်ဝိုင်းစီးပွားရေး (circular economy) အပါအဝင်၊ အလုပ်အကိုင် အမြောက်အများ ဖန်တီးပေးမည့်ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သောဖွံ့ဖြိုးတိုးတက်မှုနည်းဗျူဟာများအတွက် ငွေကြေးပံ့ပိုးရေးကို အာရုံထားကူညီရန်အတွက်လည်းကောင်း၊ ဖွံ့ဖြိုးရေးနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာထိန်းညှိရန်အတွက်လည်းကောင်းဖြစ်သည်။

(ဇ) ကိုဗစ်-၁၉ ကာကွယ်ဆေးကိုသာတူညီမျှရရှိမှု၊ ကိုဗစ်-၁၉နှင့်ဆက်နွယ်သည့်ထောက်ခံချက်ပေးရာ၌ ခွဲခြားဆက်ဆံခြင်းမပြုမှုတို့အတွက်လုပ်ဆောင်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် တစ်ညီတစ်ညွတ်တည်းရှိမှု (solidarity)တည်းဟူသောနည်းလမ်းများကို အားပေးရန်။

**၁၅။ ILO** သည်အခြားကဏ္ဍဘက်ပေါင်းစုံမှအဖွဲ့အစည်းများနှင့်အတူ မူဝါဒနှင့်ဆိုင်သောအရေးပါသည့်အစည်းအဝေးတစ်ခုကိုကျင်းပရန် လုပ်ဆောင်ပါမည်၊ မည်သို့ကျင်းပမည်ကို အုပ်ချုပ်မှုအဖွဲ့ (Governing Body) ကဆုံးဖြတ်ပါမည်။ အဖွဲ့ဝင် နိုင်ငံများ၏လူသား ဗဟိုပြုပြန်လည်ထူထောင်ရေးနည်းဗျူဟာများကိုထောက်ခံသောအားဖြင့် နိုင်ငံတကာ၏ ခိုင်မာ၍ တစ်ခုနှင့်တစ်ခုဆက်စပ်မှုရှိသောတုံ့ပြန်မှုကို ရရှိရေး စည်းရုံးလှုံ့ဆော်ရန် ရည်ရွယ်သည်။ ထိုနည်းဗျူဟာများသည် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မြဲကာ အပြောင်းအလဲများကို အလိုက်သင့်တုံ့ပြန်နိုင်စွမ်းရှိသည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအတွင်း ပဏာမပူးပေါင်းဆောင်ရွက်မှုများ၊ အဖွဲ့အစည်းနှင့်ဆိုင်သည့်အစီအစဉ်များတို့ကို ပို၍ကောင်းစေခြင်းတို့ပါဝင်သည်။